စိုက်ပျိုးရေး ဈေးကွက်သတင်းလွှာ
(AGRICULTURE MARKET BULLETIN) MARKET INFORMATION SYSTEM

Vol.2 (15), August 2022




# စိုက်ပျိုးရေး ဈေးကွက်သတင်းလွှာ

(Agriculture Market Bulletin)

Market Information System

**စိုက်ပျိုးရေးဦးစီးဌာန**

တိကျမြန်ဆန် ဈေးကွက်သတင်းမှန်
တောင်သူများအတွက်ဖြန့်ဝေရန်
စိတ်ချအားထားဈေးနှုန်းများ
တောင်သူများအားဖြန့်ဝေသွား

15th August, 2022

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

(www.doa.gov.mm/mis/, doamisppme@gmail.com, + ၉၅ ၆၇ ၃၄၁၀၅၃၈ )

**ပါဝင်သောအကြောင်းအရာများ** | **စိုက်ပျိုးရေးဆိုင်ရာနိုင်ငံတကာသတင်းများ**

## ❖ လယ်ယာ/သားငါးထွက်ကုန်များ နှင့် သွင်းအားစုများ ဈေးကွက် အခြေအနေ

- ➢ နံ့စားသီးနှံ
- ➢ ဆီထွက်သီးနှံ
- ➢ ပဲမျိုးစုံ
- ➢ စက်မှုကုန်ကြမ်းသီးနှံ
- ➢ စားဖိုဆောင်သီးနှံ
- ➢ အသား/ငါးနှင့်ဥအမျိုးမျိုး
- ➢ ဆန်နှင့်စားသုံးဆီဈေးနှုန်းများ
- ➢ သွင်းအားစုဈေးနှုန်းများ
- ➢ ပဲမျိုးစုံတင်ပို့မှုအခြေအနေ

## ဈေးကွက်သတင်းအချက်အလက်များ

- ❖ ပေါ်ဆန်းစပါးနှင့် မနောသုခစပါးများ ဈေးနှုန်းမြင့်တက်လျက်ရှိ
- ❖ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်းနှင့်နေကြာဈေးနှုန်းများ မြင့်တက်လျက်ရှိ
- ❖ မတ်ပဲ၊ ပဲပုပ်၊ ပဲစဉ်းငုံ၊ ပဲတီစိမ်းနှင့် ကုလားပဲစသည့် ပြည်ပတင်ပို့သည့် ပဲမျိုးစုံဈေးနှုန်းများအခြေအနေ
- ❖ ဝါ(ချည်မျှင်ရှည်)တစ်ပိဿာဈေးနှုန်းနှင့် ချက်ကြံတစ်တန်ဈေးနှုန်းအခြေအနေ
- ❖ ရော်ဘာတစ်ပေါင်ဈေးနှုန်းအခြေအနေ
- ❖ ကြက်သွန်နီနှင့် ကြက်သွန်ဖြူဈေးနှုန်းများ ဈေးကွက်အများစုတွင် မြင့်တက်လျက်ရှိ
- ❖ ငရုတ်အစိုဈေးနှုန်း အတက်ဈေးဖြင့်တည်ငြိမ်ခဲ့ပြီး ငရုတ်အခြောက် ဈေးနှုန်းမြင့်တက်
- ❖ ခရမ်းချဉ်ဈေးနှုန်းဈေးကွက်အချို့တွင်တည်ငြိမ်နေပြီးဈေးကွက်အများစုတွင်ဈေးနှုန်းအနည်းငယ်လျော့ကျလျက်ရှိ
- ❖ မွေးမြူရေးဆိုင်ရာ အသား၊ ဥအမျိုးမျိုးနှင့် ငါး/ ပုဇွန်/ ဂဏန်းအမျိုးမျိုးတို့၏ ဈေးနှုန်းအခြေအနေ

စာမျက်နှာ ၂ မှ ၄

- ♣ ဆန်နှင့် စားသုံးဆီဈေးနှုန်းများ
- ♣ စိုက်ပျိုးရေးသွင်းအားစုဈေးနှုန်းများ
- ♣ မြန်မာ့ပဲမျိုးစုံတင်ပို့မှုအခြေအနေ

စာမျက်နှာ ၈ မှ ၈

## ပြည်တွင်းပြည်ပလယ်ယာသတင်းများ

- ❖ မူဆယ်နယ်စပ်မှ တရုတ်နိုင်ငံသို့ နေ့စဉ် ဆန်အိတ် (၁၀,၀၀၀) ကျော် တင်ပို့မှုရှိနေခြင်း
- ❖ သကြားဈေးနှုန်းဆက်လက်မြင့်မားလျက်ရှိခြင်း
- ❖ ပြောင်းတင်ပို့မှု တရားဝင်ဖြစ်စေရန်အတွက် ကုမ္ပဏီ ၈၆ ခုမှ GACC သို့ပေးပို့
- ❖ အိန္ဒိယဝယ်လိုအားကြောင့် မတ်ပဲနှင့် ပဲစဉ်းငုံဈေးနှုန်းများ မြင့်တက်နေခြင်း
- ❖ တရုတ်နိုင်ငံ၏ ကော်ဖီဈေးကွက် လျင်မြန်စွာ ကြီးထွားလာခြင်း
- ❖ အိန္ဒိယဂျုံဈေးနှုန်းသည် စံချိန်တင်မြင့်တက်ခဲ့ပြီး အစိုးရအချင်းချင်းကြားရှိ သဘောတူညီချက်များအတွက် ကန့်သတ်ချက်ရှိ
- ❖ စားသောက်ကုန်ဈေးနှုန်းများ စံချိန်တင်မြင့်တက်နေခြင်း ကိုကမ္ဘာ့ဘဏ်မှ သတိပေးခြင်း
- ❖ ဈေးကွက်၌ ရောင်းလိုအား ပြတ်လပ်နိုင်သည်အထိ ကမ္ဘာ့ထိပ်တန်း ဘရာဇီးကော်ဖီအထွက်နှုန်းလျော့ကျ

စာမျက်နှာ ၅ မှ ၈

# ဈေးကွက်သတင်း အချက်အလက်များ

## နံစားသီးနှံ







### ပေါ်ဆန်းမွှေးနှင့် မနောသုခစပါး

- ဩဂုတ်လပထမ(၁၅)ရက်အတွင်း ပေါ်ဆန်းစပါးဈေးနှုန်းမှာပျမ်းမျှတစ်တင်းလျှင်(၁၄၆၇၀)ကျပ်ရှိနေပြီး တစ်တင်းဈေးနှုန်း (၂၀၀၀၀)ကျပ်ဖြင့် အမြင့်ဆုံးဖြစ်နေပါသည်။ ဇူလိုင်လဒုတိယ(၁၅)ရက်နှင့် နှိုင်းယှဉ်ပါက မွန်၊ ရခိုင်၊ ပဲခူးနှင့် စစ်ကိုင်းဈေးကွက်များ၌ တစ်တင်းလျှင် ၅၀၀ မှ ၅၀၀၀ ကျပ် (၃.၅% မှ ၄၅.၅%) ဈေးနှုန်းများ မြင့်တက်လာပြီး ကရင်နှင့် ဧရာဝတီဈေးကွက်များတွင် တစ်တင်းလျှင်၃၀၀ကျပ်မှ ၅၀၀ကျပ်(၂.၉% မှ ၃.၆%)ခန့် အနည်းငယ်ကျဆင်းခဲ့ပါသည်။ ကျန်သောဈေးကွက် အများစု၌ အတက်အကျမရှိဘဲ တည်ငြိမ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။
- ဩဂုတ်လပထမ(၁၅)ရက်အတွင်း မနောသုခစပါး ပျမ်းမျှတစ်တင်းဈေးနှုန်းမှာ (၉၉၁၈)ကျပ်ရှိနေပြီး တစ်တင်းလျှင် (၁၃၀၀၀) ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံး ဖြစ်နေပါသည်။ ဇူလိုင်လဒုတိယ(၁၅)ရက်နှင့် နှိုင်းယှဉ်ပါက ပဲခူးနှင့် နေပြည်တော်ဈေးကွက်များတွင်သာ တစ်တင်းလျှင် ၅၀၀ကျပ်မှ ၁၀၀၀ကျပ် (၅% မှ ၉%)ခန့်ဈေးအနည်းငယ်လျော့ကျခဲ့သော်လည်း ကျန်ဈေးကွက် အများစု၌ တစ်တင်းလျှင် ၃၀၀ ကျပ်မှ ၄၀၀၀ ကျပ်(၃.၁% မှ ၄၄.၄%) ခန့်အတွင်း ဈေးနှုန်းများ မြင့်တက်ကာ အချို့ဈေးကွက်များ၌ ဈေးနှုန်း ပြောင်းလဲမှုမရှိသည်ကို တွေ့ရှိရပါသည်။
- ဩဂုတ်လပထမ (၁၅)ရက်အတွင်း စပါးဈေးနှုန်းမှာ အတက်ဘက်၌ရှိကြောင်းသိရှိရပါသည်။

### အစေ့ထုတ်ပြောင်း




- ဩဂုတ်လပထမ(၁၅) ရက်၌ ဈေးကွက်အတွင်း အစေ့ထုတ်ပြောင်း၏ ပျမ်းမျှတစ်တင်းဈေးနှုန်းမှာ (၁၆၀၈၉) ကျပ်ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၁၈၅၀၀)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက် ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ကယားဈေးကွက်တွင်သာ တစ်တင်းလျှင် ၁၅၅၀ကျပ် (၁၀.၄%)ခန့် ဈေးနှုန်း လျော့ကျခဲ့ပြီး စစ်ကိုင်း၊ မကွေးနှင့် ပဲခူးဈေးကွက်များ၌ ၁၀၀၀ကျပ်မှ ၁၈၀၀ကျပ် (၅.၇%မှ ၁၁.၈%) ခန့်ဈေးနှုန်းမြင့်တက်ခဲ့ပြီး ကျန်ဈေးကွက်အများစုမှာ ဈေးနှုန်းပြောင်းလဲမှု မရှိဘဲ တည်ငြိမ်လျက် ရှိပါသည်။ ထိုင်းဘက်မှ ဝယ်ယူမှု လျော့သွားသော်လည်းတရုတ်သို့ တင်ပို့မှု ရှိနေသောကြောင့် ယခုလက်ရှိအချိန်တွင် ဈေးနှုန်းအနည်းငယ် အေးနေသော်လည်း ပုံမှန်အရောင်းအဝယ်ရှိနေကြောင်း သိရှိရပါသည်။

# ဆီထွက်သီးနှံဈေးနှုန်းများ

## နှမ်း၊ မြေပဲ၊ နေကြာ

- ဩဂုတ်လပထမ(၁၅)ရက်၌ ဈေးကွက်အတွင်း နှမ်းနက် ပျမ်းမျှတစ်တင်းဈေးနှုန်းမှာ (၆၉၀၄၅) ကျပ် ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၉၀၀၀၀) ကျပ်ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ကြည့်ပါက ဈေးကွက်အများစုတွင် တစ်တင်းလျှင် ၁၀၀၀၀ကျပ်မှ ၁၇၀၀၀ကျပ် (၁၆.၇% မှ၂၃.၂%)ခန့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ကျန်ဈေးကွက်အများစု၌ ဈေးနှုန်းပြောင်းလဲမှုမတွေ့ရှိရပါ။
- ဩဂုတ်လပထမ(၁၅)ရက်အတွင်း မြေပဲ(အခွံပါ) ပျမ်းမျှတစ်တင်းဈေးနှုန်းမှာ (၁၉၉၅၀)ကျပ်ရှိနေပြီး တစ်တင်းလျှင် (၂၇၀၀၀)ကျပ်ဖြင့် ဈေးကွက်အတွင်း ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပါသည်။ ယခင်(၁၅)ရက် ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက စစ်ကိုင်းနှင့် ပဲခူးဈေးကွက်များ၌ တစ်တင်းလျှင် ၄၀၀၀ ကျပ်မှ ၅၀၀၀ ကျပ်(၂၀%မှ၂၂.၂%) ခန့် ဈေးနှုန်း လျော့ကျသွားပြီး ကျန်ဈေးကွက်အများစုတွင် တစ် တင်းလျှင် ၁၆၀၀ကျပ် မှ၇၀၀၀ကျပ်(၇.၁%မှ ၄၆.၇% ) မြင့်တက်ခဲ့ပါသည်။ ကျန်ဈေးကွက်အချို့၌ ဈေးနှုန်းတည်ငြိမ် လျက်ရှိပါ သည်။
- ဩဂုတ်လပထမ(၁၅)ရက်အတွင်း နေကြာတစ်တင်းပျမ်းမျှဈေးနှုန်းအနေဖြင့် (၂၇၈၅၇)ကျပ်ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင်(၃၅၀၀၀)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ပဲခူးဈေးကွက်တွင်သာ တစ်တင်းလျှင် ၁၃၀၀၀ကျပ် (၃၃%) ခန့် ဈေးနှုန်းကျဆင်းသွားပြီး မန္တလေး၊ မကွေးနှင့် စစ်ကိုင်းဈေးကွက်များတွင် ၂၀၀၀ကျပ်မှ ၇၀၀၀ကျပ် (၇.၁% မှ ၂၅%)ဈေးတက်ခဲ့ပြီး ကျန်ဈေးကွက်များတွင် ဈေးနှုန်း တည်ငြိမ်လျက်ရှိကြောင်းတွေ့ရှိရပါသည်။




| ဈေးကွက်အမည် | မြေပဲ(အခွံပါ)ဈေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | ဇူလိုင်လ ဒုတိယ (၁၅)ရက် | ဩဂုတ်လ ပထမ (၁၅)ရက် | ခြားနားချက်(%) |
| နေပြည်တော် | ၂၅၀၀၀ | ၂၅၀၀၀ | ၀ |
| ရန်ကုန် | ၂၂၄၀၀ | ၂၄၀၀၀ | ၇.၁၄ |
| မန္တလေး | ၂၀၃၀၀ | ၂၇၀၀၀ | (+)၃၃.၀၀ |
| မကွေး | ၁၅၀၀၀ | ၂၂၀၀၀ | (+)၄၆.၆၇ |
| ပဲခူး | ၂၅၀၀၀ | ၂၀၀၀၀ | (−)၂၀.၀၀ |
| စစ်ကိုင်း | ၁၈၀၀၀ | ၁၄၀၀၀ | (−)၂၂.၂၂ |
| ကယား | ၁၈၀၀၀ | ၂၀၀၀၀ | (+)၁၁.၁၁ |
| ကရင် | ၁၅၅၀၀ | ၁၅၅၀၀ | ၀ |
| ရခိုင် | ၁၆၀၀၀ | ၁၆၀၀၀ | ၀ |
| ရှမ်း | ၁၄၀၀၀ | ၁၆၀၀၀ | (+)၁၄.၂၉ |



# ပဲမျိုးစုံ ဈေးကွက်




## မတ်ပဲ

| | မတ်ပဲဈေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | ဇူလိုင်လ ဒုတိယ (၁၅)ရက် | ဩဂုတ်လ ပထမ (၁၅)ရက် | ခြားနားချက်(%) |
| နေပြည်တော် | ၅၀၀၀၀ | ၅၀၀၀၀ | ၀ |
| ရန်ကုန် | ၆၆၀၀၀ | ၆၈၀၀၀ | (+)၃.၀၃ |
| မန္တလေး | ၅၂၀၀၀ | ၅၈၀၀၀ | (+)၁၁.၅၄ |
| မကွေး | ၄၃၀၀၀ | ၅၆၀၀၀ | (+)၃၀.၂၃ |
| ပဲခူး | ၅၅၀၀၀ | ၆၂၀၀၀ | (+)၁၂.၇၃ |
| စစ်ကိုင်း | ၅၃၀၀၀ | ၅၀၀၀၀ | (-)၅.၆၆ |
| ဧရာဝတီ | ၅၂၀၀၀ | ၅၂၀၀၀ | ၀ |
| တနင်္သာရီ | ၅၅၀၀၀ | ၅၅၀၀၀ | ၀ |
| ကရင် | ၃၅၅၀၀ | ၃၆၀၀၀ | (+)၁.၄၁ |
| မွန် | ၅၅၆၀၀ | ၅၉၅၀၀ | (+)၇.၀၁ |
| ရခိုင် | ၅၅၀၀၀ | ၆၅၀၀၀ | (+)၁၈.၁၈ |

## ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစဉ်းငုံ၊ ပဲပုပ်

- ဩဂုတ်လပထမ(၁၅)ရက်အတွင်း ပဲတီစိမ်းတစ်တင်း ပျမ်းမျှဈေးနှုန်းမှာ (၅၀၈၃၃)ကျပ်ဖြစ်ပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၆၅၀၀၀)ကျပ် ရှိနေပါသည်။ ဇူလိုင်လဒုတိယ(၁၅)ရက်နှင့် နှိုင်းယှဉ်ပါက မန္တလေးဈေးကွက်တွင်သာ တစ်တင်းလျှင် ၃၀၀၀ကျပ် ဈေးလျော့ကျခဲ့ပြီးဈေးကွက်အများစုတွင် ၁၅၀၀ ကျပ် မှ ၁၀၀၀၀ ကျပ် (၃.၈% မှ ၂၂.၇%)ခန့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ကျန်ဈေးကွက်အချို့တွင် ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ တည်ငြိမ်လျက်ရှိပါသည်။
- ဩဂုတ်လပထမ(၁၅)ရက်အတွင်း မတ်ပဲတစ်တင်း ပျမ်းမျှဈေးနှုန်းမှာ (၅၅၅၉၁)ကျပ်ဖြစ်ပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၆၈၀၀၀)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက် ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက စစ်ကိုင်းဈေးကွက်တွင်သာ တစ်တင်းလျှင် ၃၀၀၀ကျပ် (၅.၇%) ကျဆင်းခဲ့ပြီး ဈေးကွက်အများစုတွင် တစ်တင်းလျှင် ၅၀၀ ကျပ် မှ ၁၃၀၀၀ ကျပ်(၁.၄% မှ၃၀.၂%)ဈေးနှုန်း မြင့်တက်လျက်ရှိပြီး အခြားဈေးကွက် အချို့တွင်ဈေးနှုန်းတည်ငြိမ်နေပါသည်။
- ဩဂုတ်လပထမ(၁၅)ရက်အတွင်း ပဲစဉ်းငုံတစ်တင်းပျမ်းမျှဈေးနှုန်းမှာ (၄၆၉၀၀)ကျပ်ဖြစ်ပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၅၈၀၀၀)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက်နှင့်နှိုင်းယှဉ်လျှင် ဈေးကွက်အများစုတွင် တစ်တင်းလျှင် ၁၅၀၀ ကျပ်မှ၁၅၀၀၀ကျပ် (၄%မှ ၃၄.၉%)ခန့် ဈေးနှုန်းမြင့်တက်လာပြီးမန္တလေးဈေးကွက်တွင် တစ်တင်းလျှင် ၅၀၀ ကျပ် (၁.၁% )ခန့် ဈေးနှုန်းလျော့ကျသွားပြီး ဈေးကွက်အများစုတွင် ဈေးနှုန်းတည် ငြိမ်လျက်ရှိပါသည်။

### ပဲစဉ်းငုံ




### ပဲပုပ်

- ဩဂုတ်လပထမ(၁၅)ရက်အတွင်း ပဲပုပ်တစ်တင်း ပျမ်းမျှ ဈေးနှုန်းမှာ (၅၃၃၂၀) ကျပ်ဖြစ်ပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင်(၆၄၀၀၀)ကျပ်ရှိပါသည်။ယခင်(၁၅)ရက်ဈေးနှုန်းဖြင့် နှိုင်းယှဉ်ပါကစစ်ကိုင်းဈေးကွက်၌ တစ်တင်းလျှင် ၁၄၀၀၀ကျပ် ဈေးတက်ခဲ့ပြီး မန္တလေးနှင့် ရန်ကုန်ဈေးကွက်တို့တွင် ၉၀၀ ကျပ်မှ ၅၅၄၀ ကျပ် (၁.၄% မှ ၉.၄%) ဈေးလျော့ကာ ကျန်ဈေးကွက်များတွင် ဈေးနှုန်းတည်ငြိမ်လျက်ရှိပါသည်။




### ကုလားပဲ

- ဩဂုတ်လပထမ(၁၅)ရက်အတွင်း ကုလားပဲတစ်တင်း ပျမ်းမျှဈေးနှုန်းမှာ (၅၁၃၃၃)ကျပ်ဖြစ်ပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၇၀၀၀၀)ကျပ် ရှိနေပါသည်။ ဇူလိုင်လဒုတိယ(၁၅)ရက်နှင့် နှိုင်းယှဉ်ပါက ရန်ကုန်၊ မန္တလေး၊ မကွေးဈေးကွက်များ၌ တစ်တင်းလျှင် ၁၀၀၀ကျပ် မှ ၉၀၀၀ကျပ် (၁.၅% မှ ၁၂.၂%) ခန့်ဈေးနှုန်းမြင့်တက်ခဲ့ပြီး စစ်ကိုင်းဈေးကွက်တွင် တစ်တင်းလျှင်၁၀၀၀၀ကျပ် ဈေးလျော့ခဲ့ပြီး ကျန်ဈေးကွက်အချို့တွင် ဈေးနှုန်းပြောင်းလဲမှု မရှိခဲ့ပါ။




# စက်မှုကုန်ကြမ်းသီးနှံ

## ဝါ(ချည်မျှင်ရှည်)




- ဩဂုတ်လပထမ(၁၅)ရက်အတွင်း ဝါ(ချည်မျှင်ရှည်) တစ်ပိဿာဈေးနှုန်းမှာ (၂၅၀၀)ကျပ်ဖြစ် ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပြီး တစ်ပိဿာပျမ်းမျှဈေးနှုန်းသည် (၂၂၄၀) ကျပ် ရှိနေပါသည်။ ဇူလိုင်လဒုတိယ(၁၅)ရက်နှင့် နှိုင်းယှဉ်ပါက ဝါတစ်ပိဿာဈေးနှုန်းသည် မကွေးနှင့် မန္တလေးဈေးကွက်တို့တွင် (၂၀၀ မှ ၄၀၀) ကျပ် ခန့် ဈေးနှုန်းမြင့်တက်လာပါသည်။ စစ်ကိုင်းဈေးကွက်တွင် ဝါတစ်ပိဿာ ၅၀၀ကျပ် ဈေးနှုန်းလျော့ကျခဲ့ပါသည်။

## ချက်ကြီး

- ဩဂုတ်လပထမ(၁၅)ရက်အတွင်း ချက်ကြီးတစ်တန် ပျမ်းမျှဈေးနှုန်းသည် (၅၇၅၅၀)ကျပ် ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံး (၆၃၀၀၀)ကျပ်နှင့် အနိမ့်ဆုံးဈေး (၄၅၀၀၀) ကျပ်ဖြစ်ပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ကရင်ဈေးကွက်တွင်သာ တစ်တန်လျှင်(၅၀၀ )ကျပ် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ကျန်ဈေးကွက်အများစု၌ ဈေးနှုန်းတည်ငြိမ်လျက်ရှိပြီး ကျန်ဒေသများတွင် ဈေးနှုန်းပြောင်းလဲမှုမရှိခဲ့ပါ။




## ရော်ဘာ

ဇူလိုင်လ ဒုတိယ (၁၅)ရက်နှင့် ဩဂုတ်လ ပထမ(၁၅)ရက်အတွင်း RSS-3 ရော်ဘာ ဈေးနှုန်း နှိုင်းယှဉ်မှုအခြေအနေ

| ဈေးကွက်အမည် | ရော်ဘာဈေးနှုန်း (ကျပ်/ပေါင်) | | |
|---|---|---|---|
| | ဇူလိုင်လ ဒုတိယ (၁၅)ရက် | ဩဂုတ်လ ပထမ (၁၅)ရက် | ခြားနားချက်(%) |
| မွန် | ၁၁၈၄ | ၁၃၃၆ | (+)၁၂.၁၁ |
| ကရင် | ၁၀၇၅ | ၁၀၇၅ | ၀ |
| တနင်္သာရီ | ၁၃၅၅ | ၁၃၁၃ | (-)၃.၁၂ |

Source: Perennial Crops Division, DoA

# စားဖိုဆောင်သီးနှံ

## ကြက်သွန်နီ




❖ ဩဂုတ်လပထမ (၁၅) ရက်အတွင်း ကြက်သွန်နီတစ်ပိဿာ ပျမ်းမျှဈေးနှုန်းမှာ (၂၄၃၆)ကျပ်ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်ပိဿာလျှင်(၃၀၀၀)ကျပ်ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးကွက်အများစုတွင် တစ်ပိဿာလျှင်၃၀၀ကျပ် မှ ၅၀၀ ကျပ် (၁၀.၇% မှ ၂၅%)ထိ ဈေးနှုန်း မြင့်တက်ခဲ့ပါသည်။ နေပြည်တော်ဈေးကွက်တွင်သာ တစ်ပိဿာ (၁၀၀) ကျပ် ဈေးလျော့ကျခဲ့ပြီး ကျန်ဈေးကွက်အချို့တွင် ဈေးနှုန်းပြောင်းလဲမှုမရှိကြောင်းတွေ့ရှိရပါသည်။

## ကြက်သွန်ဖြူ

| ဈေးကွက်အမည် | ကြက်သွန်ဖြူဈေးနှုန်း (ကျပ်/ပိဿာ) | | |
|---|---|---|---|
| | ဇူလိုင်လ ဒုတိယ (၁၅)ရက် | ဩဂုတ်လ ပထမ (၁၅)ရက် | ခြားနားချက်(%) |
| နေပြည်တော် | ၆၀၀၀ | ၅၀၀၀ | (-)၁၆.၆၇ |
| ရန်ကုန် | ၅၀၀၀ | ၅၀၀၀ | ၀ |
| မန္တလေး | ၃၅၀၀ | ၄၀၀၀ | (+)၁၄.၂၉ |
| မကွေး | ၄၂၀၀ | ၄၈၀၀ | (+)၁၄.၂၉ |
| ပဲခူး | ၆၀၀၀ | ၄၀၀၀ | (-)၃၃.၃၃ |
| စစ်ကိုင်း | ၃၂၀၀ | ၃၀၀၀ | (-)၆.၂၅ |
| ဧရာဝတီ | ၃၅၀၀ | ၄၀၀၀ | (+)၁၄.၂၉ |
| တနင်္သာရီ | ၅၅၀၀ | ၅၅၀၀ | ၀ |
| ကချင် | ၄၀၀၀ | ၄၀၀၀ | ၀ |
| ကယား | ၄၅၀၀ | ၄၅၀၀ | ၀ |
| ကရင် | ၅၅၀၀ | ၅၅၀၀ | ၀ |
| မွန် | ၄၀၀၀ | ၄၁၀၀ | (+)၂.၅၀ |
| ရခိုင် | ၄၈၀၀ | ၅၅၀၀ | (+)၁၄.၅၈ |
| ရှမ်း | ၄၀၀၀ | ၄၀၀၀ | ၀ |

❖ ဩဂုတ်လပထမ(၁၅)ရက်အတွင်း ကြက်သွန်ဖြူ ပျမ်းမျှ တစ်ပိဿာဈေးနှုန်းမှာ(၄၄၉၃)ကျပ်ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက မွန်၊ မကွေး၊ မန္တလေး နှင့်ရခိုင် ဈေးကွက်များ၌ တစ်ပိဿာလျှင် ၁၀၀ကျပ်မှ ၇၀၀ ကျပ် (၂.၅%မှ ၁၄.၅၈%)ခန့်ဈေးနှုန်း မြင့်တက်ခဲ့ပြီး စစ်ကိုင်း၊ နေပြည်တော်နှင့် ပဲခူးဈေးကွက်များတွင် တစ်ပိဿာ ၂၀၀ ကျပ်မှ ၂၀၀၀ကျပ် (၆.၃% မှ ၃၃.၃%) အတွင်းဈေးနှုန်း လျော့ကျခဲ့ပါသည်။ အချို့ဈေးကွက် များတွင် ဈေးနှုန်းတည်ငြိမ်လျက်ရှိနေပါသည်။

## ခရမ်းချဉ်




❖ ဩဂုတ်လပထမ(၁၅) ရက်အတွင်း ခရမ်းချဉ် တစ်ပိဿာပျမ်းမျှဈေးနှုန်းမှာ (၁၆၇၉)ကျပ် ဖြစ်ပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက စစ်ကိုင်း၊ မကွေး၊ မန္တလေး၊ ပဲခူး၊ နေပြည်တော်နှင့် ကရင်ဈေးကွက်များတွင်(၁၀၀)ကျပ်မှ(၉၀၀)ကျပ်ခန့် ဈေးနှုန်းလျော့ကျသွားပြီး ဈေးကွက်အချို့တွင် တစ်ပိဿာလျှင် ၂၀၀ ကျပ် မှ ၁၆၀၀ ကျပ်အတွင်း ဈေးနှုန်း မြင့်တက်လျက်ရှိပါသည်။ ကျန်ဈေးကွက်အချို့တွင် ဈေးနှုန်း တည်ငြိမ်နေပါသည်။

## ငရုတ်(အစို)




❖ ဩဂုတ်လပထမ(၁၅)ရက်၌ ငရုတ်(အစို)ပျမ်းမျှ တစ်ပိဿာဈေးနှုန်းမှာ (၆၈၃၅)ကျပ်ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်ပိဿာလျှင် (၉၀၀၀)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက် ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးကွက်အများစုတွင် တစ်ပိဿာလျှင် ကျပ်၂၀၀ မှ ၄၀၀၀ (၅%မှ ၄၀%)ခန့် ဈေးနှုန်းကျဆင်းခဲ့ပါသည်။ မွန်၊ ဧရာဝတီ၊ ရန်ကုန်နှင့် မန္တလေးဈေးကွက်များ၌ တစ်ပိဿာလျှင်(၇၀၀)ကျပ် မှ (၃၈၀၀) ကျပ်ခန့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ကျန်ဈေးကွက်များတွင် ဈေးနှုန်းပြောင်းလဲမှု မရှိသည်ကိုတွေ့ရှိရပါသည်။

## ငရုတ်(အခြောက်)

❖ ဩဂုတ်လပထမ(၁၅)ရက်အတွင်း ငရုတ်(အခြောက်) ပျမ်းမျှ တစ်ပိဿာဈေးနှုန်းမှာ (၁၁၈၀၀)ကျပ် ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် (၂၂၀၀၀)ကျပ်ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ကရင်နှင့် စစ်ကိုင်း ဈေးကွက်တို့၌ တစ်ပိဿာလျှင် ၄၀၀ ကျပ်မှ ၂၅၀၀ကျပ် (၄.၇% မှ၂၇.၈%)ဈေးနှုန်းကျဆင်းခဲ့ပြီး ဈေးကွက်အများစုတွင် တစ်ပိဿာလျှင် ၂၄၀၀ ကျပ် မှ ၁၂၀၀၀ ကျပ် (၃၀.၆% မှ ၁၃၀.၆%) ခန့် ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။ ဈေးကွက်အချို့၌ ဈေးနှုန်းတည်ငြိမ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။




# အသား/ ငါးနှင့် ဥအမျိုးမျိုး

### ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ပထမ (၁၅)ရက်အတွင်း ဈေးနှုန်းဖြစ်ပေါ်မှုအခြေအနေ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးကွက်ပေါက်ဈေး(ကျပ်/ယူနစ်) | | | |
|---|---|---|---|---|---|
| | | နေပြည်တော် | ရန်ကုန် | မန္တလေး | ရခိုင် |
| **ငါးအမျိုးမျိုး** | | | | | |
| ငါးသလောက် | ပိဿာ | ၂၀၀၀၀ | ၃၅၀၀၀ | ၂၃၀၀၀ | ၁၇၀၀၀ |
| ငါးကြင်း(ဖြူ) | ။ | ၁၀၀၀၀ | ၁၀၀၀၀ | ၈၅၀၀ | - |
| ငါးကြင်း(နီ) | ။ | ၁၀၀၀၀ | ၈၀၀၀ | ၄၀၀၀ | - |
| ငါးမြင်း | ။ | ၇၅၀၀ | - | - | - |
| ငါးတန် | ။ | ၉၅၀၀ | ၈၅၀၀ | ၃၅၀၀ | ၁၆၀၀၀ |
| ငါးခူ | ။ | ၂၀၀၀၀ | ၁၈၀၀၀ | ၈၀၀၀ | ၁၈၀၀၀ |
| ငါးကျည်း | ။ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ | - |
| ငါးရံ့ | ။ | ၁၈၀၀၀ | ၁၅၀၀၀ | - | ၁၃၀၀၀ |
| ကကတစ် | ။ | ၂၀၀၀၀ | ၂၀၀၀၀ | - | ၁၉၀၀၀ |
| တီလားပီးယား | ။ | ၇၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၉၀၀၀ |
| ပြည်ကြီးငါး | ။ | ၃၈၀၀၀ | ၂၅၀၀၀ | - | ၁၅၀၀၀ |
| ကင်းမွန် | ။ | ၁၇၀၀၀ | ၂၂၀၀၀ | - | ၁၀၀၀၀ |
| **ပုဇွန်အမျိုးမျိုး** | | | | | |
| ပုစွန်ထုပ်ကြီး | ။ | ၃၅၀၀၀ | ၄၀၀၀၀ | ၃၅၀၀၀ | ၄၀၀၀၀ |
| ပုစွန်ဂျော့ | ။ | ၁၈၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ |
| ပုစွန်ဆိတ် | ။ | ၆၅၀၀ | ၁၅၀၀၀ | ၈၅၀၀ | ၁၂၀၀၀ |
| **ကဏန်းအမျိုးမျိုး** | | | | | |
| ကဏန်းပျော့ | ။ | ၁၆၀၀၀ | - | ၁၂၀၀၀ | ၂၄၀၀၀ |
| ကဏန်းမာ | ။ | ၁၇၀၀၀ | ၁၅၀၀၀ | ၉၀၀၀ | ၆၀၀၀ |
| **အသားအမျိုးမျိုး** | | | | | |
| ကြက်(စီပီ) | ပိဿာ | ၁၂၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၆၅၀၀ |
| ကြက်(ဒေသ) | ။ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ |
| ဘဲ | ။ | ၁၃၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၄၀၀၀ |
| ဝက် | ။ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ |
| အမဲ | ။ | ၁၆၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ |
| ဆိတ် | ။ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ |
| **ဥအမျိုးမျိုး** | | | | | |
| ကြက်ဥ | လုံး | ၂၁၀ | ၂၀၀ | ၂၀၀ | ၂၅၀ |
| ဘဲဥ | ။ | ၂၂၀ | ၂၅၀ | ၃၀၀ | ၂၅၀ |
| ငုံးဥ | ။ | ၃၀ | ၃၀ | ၃၀ | ၅၀ |

Source: ငါးလုပ်ငန်းဦးစီးဌာနနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန





# ပြည်တွင်း ပြည်ပ လယ်ယာသတင်းများ

# ပြည်တွင်းသတင်းများ

## မူဆယ်နယ်စပ်မှ တရုတ်နိုင်ငံသို့ နေ့စဉ် ဆန်အိတ် (၁၀,၀၀၀) ကျော် တင်ပို့မှုရှိနေခြင်း

- မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှတဆင့် တရုတ်နိုင်ငံသို့ဆန်နှင့်ဆန်ကွဲအိတ်(၁၀,၀၀၀)ကျော်နေ့စဉ် ပို့ဆောင်လျက်ရှိကြောင်း မူဆယ် ဆန်လက်ကား အရောင်းစင်တာမှ ဒုဥက္ကဋ္ဌဦးမင်းသိန်း၏ပြောကြားချက်အရ သိရှိရကြောင်း၊ ဆန်၊ ပြောင်း၊ ဆီထွက်သီးနှံ၊ ပဲနှင့် ပဲမျိုးစုံ စသည့် စိုက်ပျိုးရေးပို့ကုန်များအတွက် ဒေါ်လာငွေပေးချေမှုဆိုင်ရာကို နိုင်ငံခြားငွေ ကြီးကြပ်ရေးကော်မတီမှ ကုန်သည်များအား အသိပေးထားကြောင်း၊
- မည်သို့ပင်ဆိုစေကာမူ မူဆယ် နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဆန်နှင့်ဆန်ကွဲ တင်ပို့မှုကို လက်ရှိတွင် အဆိုပါညွှန်ကြားချက်မှ ဖယ်ထုတ်ထားပြီး ယွမ်ဖြင့်ငွေပေးချေမှုကိုယခင်အတိုင်းရရှိနေဆဲဖြစ်ကြောင်း၊ ထို့ကြောင့် မူဆယ်နယ်စပ်မှ တစ်ဆင့် တရုတ်နိုင်ငံသို့ ပုံမှန်အတိုင်း ဆန်တင်ပို့လျက်ရှိကြောင်း၊ ဆန်ရောင်းဝယ်ရာ၌ အမေရိကန်ဒေါ်လာဖြင့် ပေးချေစရာမလိုကြောင်း၊ ဆန်ကွဲ (၅၀)ကီလိုတစ်အိတ်လျှင် ယွမ်(၁၂၀)နှင့် ဆန်တစ်အိတ်လျှင် (၁၄၀)မှ (၁၅၀)ယွမ်အထိ ဈေးနှုန်းပြောင်းလဲမှုမရှိသေးကြောင်း ဦးမင်းသိန်းမှ ပြောကြားခဲ့ကြောင်း၊
- ASEAN Financial Integration ၏ ရည်ရွယ်ချက်များနှင့်အညီ မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုမြှင့်တင်ရန်၊ နှစ်နိုင်ငံကုန်သွယ်မှု လွယ်ကူချောမွေ့စေရန်နှင့် ပြည်တွင်းသုံးငွေ တိုးမြှင့်သုံးစွဲရေးအတွက် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုတွင် ယွမ်ငွေသို့မဟုတ် ကျပ်ငွေသုံးစွဲခြင်းကို (၂၀၂၁)ခုနှစ် ဒီဇင်ဘာလ(၁၄)ရက်နေ့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ခဲ့ကြောင်း၊
- လယ်ယာထွက်ကုန်တင်ပို့မှုမှ ရရှိသောဝင်ငွေများကို ယွမ်အစား ဒေါ်လာဖြင့် ပေးချေရန် အစောပိုင်းတွင် သတ်မှတ်ခဲ့ပြီး တရားဝင်ငွေလဲလှယ်နှုန်းမှာ အမေရိကန်တစ်ဒေါ်လာလျှင် ကျပ် (၁,၈၅၀)ဖြစ်ကြောင်း၊ မူဆယ်နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဆန်နှင့် ဆန်ကွဲအိတ် (၁၀,၀၀၀)ခန့် နေ့စဉ် တင်ပို့လျက်ရှိပြီး အခြားပဲမျိုးစုံ၊ ရော်ဘာ၊ စားသောက်ကုန်၊ ရေထွက်ပစ္စည်းနှင့် သရက်သီးများကိုလည်း တရုတ်နိုင်ငံသို့ ပို့ဆောင်လျက်ရှိပါကြောင်း (၂၉.၇.၂၀၂၂)ရက်နေ့ တွင်ထုတ်ဝေခဲ့သော Global new light of Myanmar ၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

ဒေါ်မြတ်ဖူးငုံဦး၊ စိုက်ပျိုးရေးဦးစီးဌာန

Source https://www.gnlm.com.mm/muse-border-sees-daily-exports-of-over-10000-rice-bags-to-china/

## သကြားဈေးနှုန်းဆက်လက်မြင့်မား လျက်ရှိခြင်း

- ✓ ရန်ကုန်ဈေးကွက်တွင် ကုန်ပစ္စည်းအများစုသည် ဈေးနှုန်း မြင့်မားလျက်ရှိကြောင်း၊ သို့သော်လည်း သကြားဈေးနှုန်းသည် မြင့်တက်လာပြီး ယင်းအမြင့်ဈေးနှုန်းအတိုင်းအပြောင်းအလဲမရှိတည်ငြိမ်နေကြောင်း သကြားဝယ်ယူသူ ကိုအောင်ထွန်းမှ ပြောကြားခဲ့ကြောင်း၊
- ✓ ဇူလိုင်လ ၂၇ ရက်နေ့တွင် ပြည်တွင်းတံဆိပ် သကြားတစ်ပိဿာလျှင် (၂,၂၃၀)ကျပ်၊ ထိုင်းသကြားဖြူ တစ်ပိဿာလျှင် (၂,၄၅၀)ကျပ်နှင့် သန့်စင်ပြီး သကြား တစ်ပိဿာလျှင် (၂,၆၀၀)ကျပ်တို့ ဖြစ်ကြောင်း၊ရန်ကုန်တွင် သကြားတစ်ပိဿာလျှင် (၂,၂၃၀)ကျပ်ဖြင့် ရောင်းချပြီး မန္တလေးဈေးကွက်တွင် တစ်ပိဿာလျှင် (၂,၁၅၀) ကျပ်ဖြင့် ရောင်းချလျက်ရှိကြောင်း၊
- ✓ သကြားစက်များသည် မြန်မာနိုင်ငံ အထက်ပိုင်းတွင် အများစုတည်ရှိကြပြီး မန္တလေးဈေးကွက်ကို အခြေခံ၍ အရောင်းအဝယ်ပြုလုပ်ကြကြောင်း၊ မန္တလေးမှ ရန်ကုန်သို့ သယ်ယူ ပို့ဆောင်ခမှာ ကားဖြင့်ပို့ဆောင်ပါက တစ်ပိဿာလျှင် (၁၀၀)ကျပ်နှင့် ရထားဖြင့် ပို့ဆောင်ပါက တစ်ပိဿာလျှင် (၇၀)ကျပ်ဖြစ်ကြောင်း၊ ယခင်နှစ်တွင် လက်ကျန်သကြားများကို သင့်တော်သော ဈေးဖြင့် ရောင်းချခဲ့ကြောင်း သကြားစက်ပိုင်ရှင်တစ်ဦးမှ ပြောကြားခဲ့ကြောင်း၊
- ✓ သကြားစက်ရုံများသည် ယခုနှစ်ကုန်တွင် ကြံများကို ကြိတ်ခွဲမည်ဖြစ်ပြီး သကြားအသစ်များ ဈေးကွက်အတွင်းသို့ ဝင်ရောက်လာပါက လက်ရှိသကြားဈေးသည် (၄)လအတွင်း ပြောင်းလဲသွားနိုင်ကြောင်း၊
- ✓ (၂၀၂၁)ခုနှစ် ဇန်နဝါရီလလယ်အထိ သကြားဈေးသည် တစ်ပိဿာလျှင် (၁,၀၀၀)ကျပ်အောက်တွင် ရှိနေခဲ့သော်လည်း ဈေးနှုန်းများသည် လစဉ် မြင့်တက်လာခဲ့ကြောင်း၊ (၂၀၂၂)ခုနှစ် ဇန်နဝါရီလလယ်တွင် သကြားတစ်ပိဿာလျှင် (၂,၀၀၀)ကျပ်၊ မေလဆန်းတွင် တစ်ပိဿာလျှင် (၂,၁၅၀)ကျပ်နှင့် ဇွန်လ (၁၄)ရက်နေ့တွင် တစ်ပိဿာလျှင် (၂,၂၃၀)ကျပ်မှ (၂,၂၄၀)ကျပ်ဖြစ်ကြောင်း၊ အဆိုပါဈေးနှုန်းများသည် ရန်ကုန်ဈေးကွက်တွင် တစ်လကျော်ကြာအောင် အပြောင်း အလဲမရှိတည်ငြိမ်လျက်ရှိကြောင်း၊
- ✓ ဈေးဝယ်စင်တာများတွင် သကြား (၄၀၀)ဂရမ် တစ်ထုပ်လျှင် (၈၅၀)ကျပ်ဖြင့် ဝယ်ယူနိုင်ကြောင်း၊ အသင့်သုံးသကြားထုပ်များကို တစ်ထုပ်လျှင် (၂၀၀)ကျပ်ဖြင့် ဈေးများတွင် ဝယ်ယူနိုင်ကြောင်း၊ သကြားဈေးနှုန်းများမြင့်မားနေသော်လည်း ရောင်းချသူများသည် သကြားအထုပ်ငယ်များကို စားသုံးသူများအတွက် ရောင်းချလျက်ရှိကြောင်း (၂၈.၇.၂၀၂၂) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော The Global New Light of Myanmar ၏ သတင်းဆောင်းပါး အရ သိရှိရပါသည်။

ဒေါ်လင်းလဲ့ရည်အောင်၊ စိုက်ပျိုးရေးဦးစီးဌာန

Source: ၂၈.၇.၂၀၂၂ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာ

## ပြောင်းတင်ပို့မှု တရားဝင်ဖြစ်စေရန်အတွက် ကုမ္ပဏီ ၈၆ ခုမှ GACC သို့ပေးပို့

- ကုမ္ပဏီပေါင်း ၈၆ခုသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန် အထွေထွေ အုပ်ချုပ်ရေးအဖွဲ့ GACC သို့ တင်ပို့ခွင့်ပြုရန် တောင်းခံထားကြောင်း၊ အဆိုပါ ကုမ္ပဏီများသည် နောက်ဆုံးအဆင့် မှတ်ပုံတင်ကုဒ် ရရှိရန်သာကျန်တော့ကြောင်း မြန်မာနိုင်ငံပြောင်းစက်မှု အသင်းဥက္ကဋ္ဌ ဦးအေးချမ်းအောင်၏ ပြောကြားချက်အရ သိရှိရကြောင်း၊
- GACC မှ အဆိုပါကုမ္ပဏီများအား မှတ်ပုံတင်ကုဒ်ပေးသည့်အခါမှ ပြောင်းဆံများကို တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ယင်းကုမ္ပဏီများသည် ပဏာမအဆင့်ကိုကျော်ဖြတ်သွားပြီဖြစ်ကြောင်း ဦးအေးချမ်းအောင်က ဆက်လက်ပြောကြောင်း၊
- ယခုလတွင် မှတ်ပုံတင်ကုဒ်ထုတ်ပေးပြီးပါက စက်တင်ဘာလတွင် တရုတ်နိုင်ငံသို့ ပြောင်းတင်ပို့မှု စတင်နိုင်မည်ဟု ခန့်မှန်းထားကြောင်း အဆိုပါအသင်းထံမှ သိရှိရကြောင်း၊ ထို့အပြင် ကုမ္ပဏီ ၂၆ ခုသည် မြန်မာနိုင်ငံဘက်မှ ကနဦးဆောင်ရွက်ရမည့်လုပ်ငန်း များပြီးစီးခဲ့ပြီး GACC သို့ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊
- SPS Protocol (Sanitary and Phytosanitary Protocol) သည် မြန်မာနိုင်ငံ လယ်ယာထွက်ကုန်များ၏အဓိကကုန်သွယ်ဖက်ဖြစ်သော တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ရန်အတွက် မရှိမဖြစ်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် GACC တို့ တရုတ်နိုင်ငံသို့ ပြောင်းများ တရားဝင်တင်ပို့ရန် သဘောတူလက်မှတ်ရေးထိုးထားကြောင်း၊ ထို့ကြောင့် ပြောင်းလုပ်ငန်းရှင်များသည် GACC မှ တင်သွင်းမှု ခွင့်ပြုချက်ရယူရန်နှင့် သွင်းကုန်အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး စံချိန်စံညွှန်းများနှင့် ပြည့်မီရန် ကြိုးပမ်းလျက်ရှိကြောင်း၊
- ထို့ကြောင့် SPS protocol လိုအပ်ချက်များ ပြည့်စုံစေရန်နှင့် နှစ်စဉ် မှတ်ပုံတင်ရန် ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့နောက်ဆုံးထား၍ EOI များကို လုပ်ငန်းအဖွဲ့ထံ တင်ပြရန် ပို့ကုန်ကုမ္ပဏီများအား အကြောင်းကြားထားကြောင်း၊
- ပြောင်းတင်ပို့မှု တရားဝင်ဖြစ်စေရန်အတွက် ကုမ္ပဏီ ၁၄၂ ခုသည် EOI များတင်သွင်းခဲ့ကြောင်း၊ လုပ်ငန်းအဖွဲ့သည် လုပ်ထုံးလုပ်နည်းများနှင့်အညီ EOI များကို စစ်ဆေးခဲ့ကြောင်း၊ မြန်မာနိုင်ငံ စားသုံးသူရေးရာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်ဆေးရေးနှင့် စစ်ဆေးရေး ဝန်ဆောင်မှုဌာန (MITS) တို့မှ အခြောက်ခံစက်များနှင့် ဂိုဒေါင်များကို စစ်တမ်းကောက်ယူခြင်းကိုလည်း ပြုလုပ်ခဲ့ကြောင်း၊
- Protocol များတွင် ပို့ကုန်လုပ်ငန်းရှင်များသည် ပို့ကုန်အတွက် အခြောက်ခံစက် သို့မဟုတ် သိုလှောင်ရုံလုပ်ငန်းကိုကိုင်တွယ်နိုင်သည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ခု ရှိရမည်ဖြစ်ပြီး သတ်မှတ်ကာလအတွင်း သဘောတူညီချက်များကိုလည်း လိုက်နာရမည် ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ (သို့မဟုတ်) အခြားနိုင်ငံများသို့ ပြောင်းတင်ပို့မှု မှတ်တမ်းရှိသူများသည် သက်ဆိုင်ရာစာရွက်စာတမ်းများကိုတင်ပြနိုင်ရမည်ဖြစ်ကြောင်း၊ တရုတ်

နိုင်ငံမှ ချမှတ်ထားသော စည်းမျဉ်း စည်းကမ်းများကို လိုက်နာနိုင်ရမည်ဖြစ်ကြောင်း၊ ထို့အပြင် ပြောင်းကဏ္ဍ မြှင့်တင်ရန်နှင့် စားနပ်ရိက္ခာ လုံခြုံမှုရှိစေရန်အတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ GAP နှင့် ကန်ထရိုက်လယ်ယာစနစ်တို့ကို ကျင့်သုံးလိုက်နာရန်လို အပ်ကြောင်း၊

- လက်ရှိပေါက်ဈေးမှာ ပြောင်းတစ်ပိဿာလျှင် ၈၆၀ ကျပ် မှ ၈၈၀ ကျပ် (တစ်ပိဿာ ၁.၆ ကီလိုဂရမ် ညီမျှ)နှင့် FOB ဈေးတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၆၀ မှ ၃၁၀ ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း (ဘုရင့်နောင်ကုန်စည် ဒိုင်) မှ သိရကြောင်း၊
- မြန်မာနိုင်ငံသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်ပ ကုန်သွယ်ဖက်နိုင်ငံများသို့ ပြောင်း တန်ချိန် ၂.၃ သန်း တင်ပို့ခဲ့ကြောင်း၊ အများစုကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပြီး တရုတ်၊ အိန္ဒိယနှင့် ဗီယက်နမ်နိုင်ငံတို့ကိုလည်း တင်ပို့ ခဲ့ပါကြောင်း (၁၁.၈.၂၀၂၂) ရက်နေ့တွင် ထုတ်ပြန်ခဲ့ သော Global New Light of Myanmar ၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

ဒေါ်ဟေမာန်အောင်မင်း၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.gnlm.com.mm/86-companies-forwarded-to-gacc-for-legalizing-corn-exports/#article-title

★

## အိန္ဒိယဝယ်လိုအားကြောင့် မတ်ပဲနှင့် ပဲစဉ်းငုံဈေးနှုန်းများမြင့်တက်နေခြင်း

- အိန္ဒိယဝယ်လိုအားကြောင့် မြန်မာမတ်ပဲနှင့် ပဲစဉ်းငုံ ဈေးနှုန်းများ ယခင်နှစ်ထက် သိသိသာသာ မြင့်တက် နေကြောင်း ရန်ကုန်ပဲဈေးကွက်မှသိရှိရကြောင်း၊ ဩ ဂုတ်လ (၉)ရက်နေ့တွင် မတ်ပဲ FAQ/RC တစ်တန်လျှင် ၁,၇၈၇,၀၀၀ ကျပ်ဖြင့်လည်းကောင်း၊ ပဲစဉ်းငုံ အနီ RC တစ်တန်လျှင် ၁,၈၇၀,၀၀၀ ကျပ်ဖြင့်လည်းကောင်း အသီးသီးပေါက်ဈေးရှိကြောင်း၊ FOB ဈေးနှုန်းများမှာ ဩဂုတ်လ(၉)ရက်နေ့တွင် မတ်ပဲ FAQ တစ်တန်လျှင် ကန်ဒေါ်လာ ၈၃၀-၈၅၀ ဖြင့်လည်းကောင်း၊ SQ တစ်တန်လျှင် ကန်ဒေါ်လာ ၉၈၀- ၁၀၀၀ ဖြင့်လည်း ကောင်း၊ ပဲစဉ်းငုံ FAQ တစ်တန်လျှင်ကန်ဒေါ်လာ ၈၆၅- ၈၈၀ဖြင့်လည်းကောင်းအသီးသီးပေါက်ဈေးရှိခဲ့ကြောင်း၊
- ယခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံထုတ်လုပ်မှုနှုန်းမှာ ကျဆင်းခဲ့သောကြောင့် မြန်မာ SQ မတ်ပဲပေါ် မှီခို နေရကြောင်း အိန္ဒိယပဲမျိုးစုံဈေးကွက်မှ သိရှိရကြောင်း၊ မြန်မာနိုင်ငံတွင် (၂၀၀၇-၂၀၀၈)ခုနှစ်ထိ သီးနှံစိုက်ဧက ၅,၅၈၉,၀၀၀ ဟက်တာရှိပြီး စပါးစိုက်ဧကမှာ ၁,၉၇၀,၂၀၀ ဟက်တာ (တစ်နိုင်ငံလုံး စိုက်ဧက၏ ၃၆ ရာခိုင်နှုန်း) နှင့် ပဲမျိုးစုံစိုက်ဧကမှာ ၈,၄၉၆,၀၀၀ ဟက် တာ (၁၅ ရာခိုင်နှုန်း)ဖြစ်ပြီး ၂၀၁၁-၂၀၁၂ ခုနှစ်တို့တွင် စပါး စိုက်ဧက ၁,၈၇၆,၂၀၀ ဟက်တာ (၃၃ ရာခိုင်နှုန်း) နှင့် ပဲမျိုးစုံစိုက်ဧက ၉,၁၈၆,၀၀၀ ဟက်တာ (၁၆ ရာခိုင်နှုန်း) ဖြစ်သည့်အတွက် ပဲမျိုးစုံစိုက်ပျိုးမှုနှုန်းသည် တစ်နှစ်ထက်တစ်နှစ် တိုးမြင့်လာကြောင်း၊
- မြန်မာနိုင်ငံတွင် ပဲမျိုးစုံစိုက်ဧကမှာ ခြောက်သန်းရှိသည့် အနက် မြစ်ဝကျွန်းပေါ်ဒေသတွင် ဧက (၄)သန်း၊ ကမ်း ရိုးတန်းနှင့် တောင်ကုန်းဒေသများတွင် ဧကတစ်သန်း ခန့်ရှိကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ပဲမျိုးစုံတင်ပို့မှုမှာ တန် ချိန်ပေါင်း ၁.၇၅ သန်းရှိပြီး တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁၃၂၄.၂၇ သန်းဖြစ်ကြောင်း၊ ယခုနှစ် ၂၀၂၂-၂၃ ဘဏ္ဍာ ရေးနှစ်၏ ပထမ(၄)လ အတွင်း ပဲမျိုးစုံ တန်ချိန်ပေါင်း ( ၅၅၀,၀၀၀ ) တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၄၂၆ သန်း တင်ပို့နိုင်ခဲ့ကြောင်း၊
- ထို့ကြောင့် ယခုနှစ်တွင် ပဲမျိုးစုံဈေးနှုန်းများ မြင့်တက် နေသော်လည်းအိန္ဒိယမှ ပဲမျိုးစုံဝယ်လိုအားနှင့် နိုင်ငံခြား ဝင်ငွေပမာဏသည် ယခင်နှစ်ထက် ပိုမိုမြင့်တက်လာ နိုင်ချေရှိကြောင်း ( ၁၀.၈.၂၀၂၂ )ရက်နေ့တွင် ထုတ်ဝေ ခဲ့သော Global new light of Myanmar ၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

ဒေါ်မြတ်ဖူးငုံဦး၊ စိုက်ပျိုးရေးဦးစီးဌာန

Source https://www.gnlm.com.mm/black-bean-pigeon-pea-prices-soar-on-indian-demand/#article-title

★

# ပြည်ပသတင်းများ

## တရုတ်နိုင်ငံ၏ ကော်ဖီဈေးကွက် လျင်မြန်စွာ ကြီးထွားလာခြင်း

- ယနေ့ခေတ် တရုတ်နိုင်ငံတွင် ခေတ်ဆီဆိုင်များ၊ ဆေး ဆိုင်များကဲ့သို့သော နေရာများတွင်ပါ ကော်ဖီဆိုင်များ ကို နေရာတိုင်းတွင် မြင်တွေ့နေရကြောင်း၊ ကျော်ကြား သော လုပ်ငန်းများတွင် ကော်ဖီလုပ်ငန်းအများအပြား ပါဝင်နေကြောင်း၊
- စာရင်းဇယားများအရ တရုတ်နိုင်ငံသည် ကော်ဖီနှင့် ပတ်သက်သည့် လုပ်ငန်းပေါင်း (၁၆၀,၀၀၀)နီးပါးရှိပြီး လွန်ခဲ့သည့် ၅ နှစ်အတွင်း အခြေခံအားဖြင့် နှစ်စဉ် ပျမ်း မျှ လုပ်ငန်းပေါင်း (၂၀,၀၀၀)ခန့် ပေါ်ထွက်လာခဲ့ ကြောင်း၊ COVID-19 ၏ အကျိုးသက်ရောက်မှုများ ရှိနေသော်လည်း ယခုနှစ် မေလ ၁ ရက်နေ့အထိ နိုင်ငံ အနှံ့ ကော်ဖီဆိုင်စုစုပေါင်း (၁၁၇,၃၀၀)ဆိုင် လည်ပတ် နေပြီး ကော်ဖီဆိုင်အရေအတွက်မှာ တိုးပွားလာနေ ကြောင်း၊
- စာရင်းအင်းများအရ တရုတ်ကော်ဖီဈေးကွက်တန်ဖိုး သည် (၂၀၂၁)ခုနှစ်တွင် ယွမ် (၃၈၁.၇) ဘီလီယံ (ဒေါ်လာ ၅၆.၅၃ဘီလီယံ) ဝန်းကျင်ရှိကြောင်းနှင့် လာမည့်ငါးနှစ်အတွင်း နှစ်စဉ် တိုးတက်မှုနှုန်း ၂၀ ရာခိုင် နှုန်းကို ဆက်လက်ထိန်းထားနိုင်ရန် မျှော်မှန်းထား ကြောင်း၊ ထိုပမာဏသည် ကမ္ဘာ့ပျမ်းမျှတန်ဖိုး(၂)ရာခိုင် နှုန်းထက်ပိုများနိုင်ကြောင်း၊ ၂၀၂၅ ခုနှစ်တွင် ဈေးကွက် တန်ဖိုးသည် ၁ ထရီလီယံယွမ်အထိ ရှိလာနိုင်ကြောင်း၊
- ယခင်နှစ်တွင် တရုတ်နိုင်ငံသည် ကော်ဖီစေ့တန်ချိန် (၁၂၂,၇၀၀)တန် တင်သွင်းခဲ့ပြီး ယခင်(၂)နှစ်ထက် (၇၄) ရာခိုင်နှုန်း ပိုများခဲ့ကြောင်း၊ အထူးသဖြင့် ကော်ဖီ စေ့များ တင်သွင်းမှု (၈၇) ရာခိုင်နှုန်းဖြစ်သော တန်ချိန် (၁၀၆,၀၀၀)တိုးလာကာ စုစုပေါင်း တင်သွင်းမှု၏ (၈၆) ရာခိုင်နှုန်းရှိကြောင်း၊ တရုတ်နိုင်ငံတွင် လက်ရှိ ကော်ဖီ သောက်သုံးသူ သန်း(၃၀၀)ကျော် ရှိနေကြောင်း၊ ကော်ဖီလုပ်ငန်းနှင့် နီးစပ်သူများမှ ခန့်မှန်းထားကြောင်း၊ ကော်ဖီထုတ်ကုန်များသည် တရုတ်လူမျိုးများ၏ နေ့စဉ် ဘဝတွင် စိမ့်ဝင်နေသောကြောင့် တောက်ပသည့် အလားအလာများဖြစ်သော တက်သစ်စ စီးပွားရေးလုပ် ငန်းကို စောင့်ကြိုနေကြောင်း Kathmandutribune .comကွန်ယက်တွင် ထုတ်ပြန်ခဲ့သော သတင်းဆောင်းပါး အရ သိရှိရပါသည်။

ဦးဖုန်းမြတ်ဝင်းမောင်မောင်၊စိုက်ပျိုးရေးဦးစီးဌာန

Source: https://kathmandutribune.com/china-sees-rapidly-growing-coffee-market/

★

## အိန္ဒိယဂျုံဈေးနှုန်းသည် စံချိန်တင်မြင့် တက်ခဲ့ပြီး အစိုးရအချင်းချင်းကြားရှိ သဘောတူညီချက်များအတွက် ကန့်သတ်ချက်ရှိ

- အပူလှိုင်းကြောင့် သီးနှံများ ဆုံးရှုံးပျက်စီးသည့်အပြင် ဝယ်လိုအား မြင့်မားပြီး ရောင်းလိုအား ကျဆင်းမှုများ ကြောင့် ဂျုံတင်ပို့မှု ပိတ်ပင်တားဆီးထားသော်လည်း အိန္ဒိယဂျုံဈေးနှုန်းသည် စံချိန်တင်မြင့်တက်ခဲ့ကြောင်း၊
- ဗုဒ္ဓဟူးနေ့တွင်ဒေသတွင်းဂျုံဈေးနှုန်းများသည် တစ်တန် လျှင် ရူပီး (၂၃,၅၄၇)အထိ စံချိန်တင် မြင့်တက်ခဲ့ ကြောင်း၊ ၎င်းသည် မေလ(၁၄)ရက်နေ့၌ အစိုးရ၏ ဂျုံတင်ပို့မှုများ ရုတ်တရက်ပိတ်ပင်ပြီးနောက် လက်ရှိ အနိမ့်ဆုံးဈေးမှ (၁၂)ရာခိုင်နှုန်းနီးပါး မြင့်တက်လာခဲ့ ခြင်းဖြစ်ကြောင်း၊
- ယခုနှစ်ဈေးကွက်များတွင် ဂျုံရောင်းချမှုများသည် ပုံမှန် ထက် များစွာကျဆင်းခဲ့ပြီး ၂၀၂၂ ခုနှစ် ဂျုံထုတ်လုပ်မှု သည် အစိုးရမှ ခန့်မှန်းထားသည်ထက် များစွာကျဆင်း သွားကြောင်းကမ္ဘာ့ကုန်သွယ်မှုလုပ်ငန်းတစ်ခု၏မှန်ဘိုင်း အခြေစိုက် ကုန်သည်တစ်ဦးမှ ပြောကြားခဲ့ကြောင်း၊
- အစိုးရမှ ခန့်မှန်းထားသည့် တန်ချိန် (၁၀၆.၄၁) သန်း သည် အမှန်အတွက်နှင့် အလှမ်းကွာဝေးနေကြောင်း၊ တင်ပို့ရောင်းချရန်အတွက် တန်ချိန် (၈၅)သန်းခန့် ထုတ် လုပ်ရန် အကြံပြု ထားသည်ဟု ၎င်းမှ ပြောကြားခဲ့ ကြောင်း၊ အမေရိကန်နိုင်ငံ၏ နိုင်ငံခြားစိုက်ပျိုးရေးဝန် ဆောင်မှုဌာနမှထုတ်လုပ်မှုတန်ချိန်(၉၉)သန်း သတ်မှတ် ထားကြောင်း၊
- ကမ္ဘာ့ဒုတိယအကြီးဆုံး ဂျုံစိုက်ပျိုးထုတ်လုပ်သည့် အိန္ဒိယနိုင်ငံသည် (၂၀၂၁)ခုနှစ်တွင် ဂျုံတန်ချိန် (၁၀၉.၅၉)သန်း ထွက်ရှိခဲ့ကြောင်း၊ မတ်လနှင့် ဧပြီလ အပူလှိုင်းကြောင့် ယခုနှစ်တွင် အထွက်နှုန်း ကျဆင်း မည်ဟု အစိုးရမှခန့်မှန်းခဲ့ကြောင်း၊
- အထွက်နှုန်းကျဆင်းခြင်းသည် အစိုးရ၏ ဂျုံဝယ်ယူမှုကို သက်ရောက်မှုရှိပြီး ယခုနှစ်သည် (၂၀၂၁)ခုနှစ် အလား တူကာလထက် တန်ချိန်အားဖြင့် (၁၈.၈)သန်း၊ (၅၇) ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊
- ရောင်းလိုအားများသည် နည်းပါးလျက် ရှိကြောင်း၊ အိန္ဒိယနိုင်ငံသည် သီရိလင်္ကာ(သို့)နီပေါနိုင်ငံသို့ ဂျုံပမာ ဏအနည်းငယ်သာ တင်ပို့ရန်ရှိပြီး အစိုးရအချင်းချင်း သဘောတူညီချက်တွင် ပမာဏများပြားသော တင်ပို့မှု မရှိနိုင်ကြောင်းကုန်သည်တစ်ဦးမှပြောကြားခဲ့ကြောင်း၊
- အိန္ဒိယနိုင်ငံသည် အဓိကအားဖြင့် ဘင်္ဂလားဒေ့ရှ် နီပေါ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် သီရိလင်္ကာနိုင်ငံများသို့ ဒုတိ

ယသုံးလပတ်တွင် ဂျုံတန်ချိန်(၃.၅)သန်း တင်ပို့ခဲ့ပြီး ယခုနှစ် အစောပိုင်းထက် တန်ချိန်(၁.၁)သန်း တိုးမြှင့်တင်ပို့ခဲ့ကြောင်း (၂၇-၇-၂၀၂၂)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော https://economictimes.indiatimes.com ၏ သတင်းအချက်အလက်များ အရ သိရှိရပါသည်။

ဒေါ်နွေးနွေးအောင်၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://economictimes.indiatimes.com/news/economy/agriculture/india-wheat-prices-jump-to-record-high-limit-scope-for-govt-to-govt-deals/articleshow/93159108.cms

★

## စားသောက်ကုန်ဈေးနှုန်းများစံချိန်တင် မြင့်တက်နေခြင်းကိုကမ္ဘာ့ဘဏ်မှ သတိပေးခြင်း

- ♣ စံချိန်တင်မြင့်မားလာသော စားနပ်ရိက္ခာဈေးနှုန်းများသည် လူသန်းပေါင်းများစွာကို အလွန်အမင်းဆင်းရဲမွဲတေစေခြင်း၊ ငတ်မွတ်ခေါင်းပါးမှုနှင့် အာဟာရချို့တဲ့မှုများ မြင့်တက်လာခြင်းကို တွန်းအားပေးသည့် ကမ္ဘာလုံးဆိုင်ရာအကျပ်အတည်းကို ဖြစ်ပေါ်စေပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခက်ခဲစွာရရှိထားသော ရလဒ်ကောင်းများအပေါ် သက်ရောက်မှုများ ရှိလာနိုင်ကြောင်း ကမ္ဘာ့ဘဏ်မှ ပြောကြားခဲ့ကြောင်း၊
- ♣ စားသောက်ကုန်ဈေးနှုန်းများ မြင့်တက်လာခြင်းသည် ဝင်ငွေမြင့်မားသည့် နိုင်ငံများထက် ဝင်ငွေ၏ ပမာဏအမြောက်အများကို အစားအသောက်အတွက် သုံးစွဲနေရသည့် ဝင်ငွေနည်းပါးသည့်နိုင်ငံများနှင့် အလယ်အလတ်တန်းစားနိုင်ငံများရှိ လူများအပေါ်တွင် ကြီးမားသော သက်ရောက်မှုဖြစ်ပေါ်စေကြောင်း၊
- ♣ (၂၀၂၂)ခုနှစ် ဇူလိုင်လ၂၉ရက်နေ့အထိ စိုက်ပျိုးရေးဈေးနှုန်း ရည်ညွှန်းကိန်းသည် ဇန်နဝါရီ (၂၀၂၂)ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၁၉ရာခိုင်နှုန်းမြင့်မားလာသည်ဟု ကမ္ဘာ့ဘဏ်မှ ပြောကြားခဲ့ကြောင်း၊ (၂၀၂၁)ခုနှစ်၊ ဇန်နဝါရီလနှင့်နှိုင်းယှဉ်ပါက ပြောင်းဈေးနှုန်းသည် ၁၆ ရာခိုင်နှုန်းနှင့် ဂျုံဈေးနှုန်းသည် ၂၂ ရာခိုင်နှုန်း မြင့်မားနေပြီး ဆန်ဈေးနှုန်းမှာ ၁၄ ရာခိုင်နှုန်းခန့် နိမ့်ကျနေကြောင်း၊
- ♣ ပြည်တွင်း စားသောက်ကုန် ဈေးနှုန်းဖောင်းပွမှုသည် ကမ္ဘာတစ်ဝှမ်းတွင် မြင့်မားနေဆဲဖြစ်ကြောင်း၊ ငွေကြေးဖောင်းပွမှုမြင့်မားသော ဝင်ငွေမြင့်မားသည့် နိုင်ငံများသည်လည်း ၇၈.၆ ရာခိုင်နှုန်းခန့် စားသောက်ကုန်ဈေးနှုန်းများ မြင့်တက်မှုကို ကြုံတွေ့နေရကြောင်း၊
- ♣ ကမ္ဘာ့ဘဏ်၏ (၂၀၂၂)ခုနှစ်၊ ဧပြီလကုန်စည်ဈေးကွက်အလားအလာခန့်မှန်းချက်အရ ယူကရိန်းစစ်ပွဲသည် တစ်ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှု၊ ထုတ်လုပ်မှုနှင့် စားသုံးမှုတို့ကို ပြောင်းလဲစေခဲ့ပြီး သမိုင်းတလျှောက် အမြင့်ဆုံးဈေးနှုန်းဖြင့် ၂၀၂၄ ခုနှစ် နှစ်ကုန်အထိ အစားအသောက်မလုံလောက်မှုနှင့် ငွေကြေးဖောင်းပွမှုကို ပိုမိုဆိုးရွားလာစေမည်ဖြစ်ကြောင်း၊
- ♣ စားသောက်ကုန်ဈေးနှုန်းများသည် ယခင်နှစ်များစွာကပင် မြင့်မားနေခြင်းဖြစ်ပြီး ဂျုံ၊ ပြောင်း၊ စားသုံးဆီများနှင့်ဓာတ်မြေဩဇာများ၏ဈေးနှုန်းများကို သက်ရောက်မှုအများဆုံး ဖြစ်ကြောင်း၊ ကမ္ဘာ့ကုန်စည်ဈေးကွက်သည် နံ့စားသီးနှံ ရောင်းချမှုလျှော့ချခြင်း၊ လောင်စာဆီများဈေးနှုန်းမြင့်မားခြင်း၊ ဓါတ်မြေဩဇာဈေးနှုန်းများ မြင့်မားခြင်းနှင့် အဓိကဆိပ်ကမ်းများကို ပိတ်လိုက်ခြင်းစသည့် ကုန်သွယ်မှုအနှောက်အယှက် အခြေအနေများနှင့် ကြုံတွေ့နေရကြောင်း၊
- ♣ လာမည့်လများအတွင်း အဓိကစိန်ခေါ်မှုမှာ မတူညီသော ဒေသများတွင် သီးနှံအများအပြား ထုတ်လုပ်မှုအပေါ် သက်ရောက်မှုရှိသည့် ဓါတ်မြေဩဇာရရှိရေး ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်မှ ပြောကြားခဲ့ကြောင်း၊ ရုရှားနှင့် ဘီလာရုစ်နိုင်ငံတို့သည် ဓါတ်မြေဩဇာကို အဓိကတင်ပို့သည့်နိုင်ငံများဖြစ်ပြီး ပိုတက်ရှ်ဓါတ်မြေဩဇာ (၃၈) ရာခိုင်နှုန်း၊ ကွန်ပေါင်းမြေဩဇာ (၁၇)ရာခိုင်နှုန်းနှင့် ယူရီးယားမြေဩဇာ (၁၅) ရာခိုင်နှုန်း တင်ပို့ကြောင်း၊ ယူကရိန်းစစ်ပွဲ စတင်ပြီးနောက်တွင် ကမ္ဘာ့နိုင်ငံများ၏ ကုန်သွယ်မှုဆိုင်ရာ မူဝါဒသတ်မှတ်ချက်များ မြင့်တက်လာခဲ့သည်ဟု ကမ္ဘာ့ဘဏ်မှ ပြောကြားခဲ့ကြောင်း၊
- ♣ ပြည်တွင်းရောင်းလိုအားနှင့် ဈေးနှုန်းလျှော့ချရေး ရည်မှန်းချက်ဖြင့် ကမ္ဘာ့နိုင်ငံများမှ တိုးမြှင့်သတ်မှတ်ထားသော အစားအစာ ကုန်သွယ်မှုကန့်သတ်ချက်များသည် ကမ္ဘာ့စားနပ်ရိက္ခာ အကျပ်အတည်းကို ပိုမိုဆိုးရွားစေသည့် တစ်စိတ်တစ်ပိုင်းဖြစ်လာခဲ့ကြောင်း၊
- ♣ ဇူလိုင်လ (၁၅) ရက်အထိ နိုင်ငံပေါင်း (၁၈) နိုင်ငံမှ စားသောက်ကုန်တင်ပို့မှု တားမြစ်ချက် (၂၇)ချက်ကို အကောင်အထည်ဖော်ခဲ့ပြီး၊ (၇)နိုင်ငံမှ ပို့ကုန်ကန့်သတ်ချက် (၁၁) ချက်ကို အကောင်အထည် ဖော်ခဲ့ကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ ငတ်မွတ်ခေါင်းပါးမှုအဆင့်မှာ စိုးရိမ်ဖွယ်ရာ မြင့်မားနေဆဲဖြစ်သည်ဟု ကမ္ဘာ့ဘဏ်မှပြောကြားခဲ့ကြောင်း၊
- ♣ (၂၀၂၂)ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာ မလုံလောက်မှုအခြေအနေ (SOFI) အစီရင်ခံစာအရ ငတ်မွတ်မှုဘေးဒဏ်သင့်သူဦးရေသည်၂၀၂၁ခုနှစ်တွင်(၈၂၈)သန်းအထိ မြင့်တက်လာကြောင်း၊ ၂၀၂၀ ခုနှစ်မှစ၍ (၄၆)သန်းခန့်တိုးလာပြီး ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားမီ ၂၀၁၉ ခုနှစ်မှ စ၍ သန်း (၁၅၀)ခန့်ရှိကြောင်း၊ ထို့အပြင် WFP နှင့် FAO တို့မှ ပြင်းထန်သော စားနပ်ရိက္ခာ မလုံလောက်မှုသည် (၂၀၂၂)ခုနှစ်ဇွန်လမှ စက်တင်ဘာလအတွင်း နိုင်ငံပေါင်း (၂၀)တွင် ပိုမို ဆိုးရွားလာနိုင်ကြောင်း၊
- ♣ ကယ်လိုရီစားသုံးမှုလျှော့ချခြင်းနှင့် အာဟာရချို့တဲ့ခြင်းတို့သည် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် ကျန်းမာရေးအတွက် ရရှိပြီးသောအကျိုးကျေးဇူးများကို ခြိမ်းခြောက်လျက်ရှိပြီး ကလေးများ၏ ဉာဏ်ရည်ဖွံ့ဖြိုးမှုအပေါ် ရေရှည် အကျိုးသက်ရောက်မှုများ ရှိလာနိုင်သည်ဟု ကမ္ဘာ့ဘဏ်မှ ပြောကြားခဲ့ကြောင်း (၁.၈.၂၀၂၂)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော https://sofiaglobe.com/ ကွန်ယက်၏ သတင်းအချက်အလက်များအရ သိရှိရပါသည်။

ဒေါ်လင်းလဲ့ရည်အောင်၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://sofiaglobe.com/2022/08/01/world-bank-warns-on-record-high-food-prices/

★

## ဈေးကွက်၌ ရောင်းလိုအား ပြတ်လပ်နိုင်သည်အထိ ကမ္ဘာ့ထိပ်တန်း ဘရာဇီး ကော်ဖီ အထွက်နှုန်းလျော့ကျ

- ✓ ကမ္ဘာ့ထိပ်တန်း ကော်ဖီတင်ပို့သည့်နိုင်ငံများဖြစ်သည့် ဘရာဇီးနိုင်ငံမှ အာရေဗီးကာကော်ဖီစိုက်ပျိုးသူများသည် ၎င်းဒေသ၏ ရာသီဥတုဆိုးရွားမှုကြောင့် ကော်ဖီအထွက်နှုန်းမှာ မျှော်မှန်းထားသည်ထက် များစွာကျဆင်းနေပြီး ၎င်းအထွက်နှုန်း ကျဆင်းမှုကြောင့် ကော်ဖီရောင်းလိုအားကျဆင်းမှုနှုန်းသည် ကမ္ဘာတဝှမ်းသို့ပါ ရိုက်ခတ်လာနိုင်ကြောင်း၊
- ✓ ဘရာဇီးနိုင်ငံ၏ ထိပ်တန်းထုတ်လုပ်သူ Minas Gerais ပြည်နယ်မှ Luis Fernando Ferreira da Silva မှ "ယခင်နှစ် မိုးခေါင်ရေရှားမှုနှင့် နှင်းခဲမှုကြောင့် ၎င်း၏ စိုက်ဧရိယာများ ပျက်စီးသွားသဖြင့် ယခုနှစ်ရာသီတွင် ထက်ဝက်ကျော်မျှသာ ခူးဆွတ်နိုင်လိမ့်မည်ဟု ခန့်မှန်းထားကြောင်း၊ ကနဦးတွင် (၆၀)ကီလိုအိတ်ပေါင်း (၈၀၀၀) ခန့် ခူးဆွတ်နိုင်မည်ဟု မျှော်မှန်းထားခဲ့သော်လည်း နောက်ပိုင်းတွင် အိတ်ပေါင်း(၃၅၀၀)ခန့်အထိ မျှော်မှန်းချက်များ သိသိသာသာ လျော့ကျသွားကြောင်း၊ အဖြစ်အပျက်များ ပိုမိုဆိုးရွားလာပြီး ယခုအချိန်၌ အိတ်ပေါင်း (၂၀၀၀)ထိ ရနိုင်တော့မည်မဟုတ်ကြောင်း"၊
- ✓ စိုက်ပျိုးသူများနှင့် လေ့လာသုံးသပ်သူများ အနေနှင့် ယခင်နှစ်၏ဆိုးရွားသောရာသီဥတုဒဏ်ကြောင့် ကော်ဖီအထွက်နှုန်း သိသိသာသာကျဆင်းလာပြီး ကမ္ဘာ့ကော်ဖီဈေးနှုန်း တဟုန်ထိုးမြင့်တက်လာကာ ကြိုတင်ခန့်မှန်းထားသည်ထက်ပင် ပို၍ခက်ခဲမည့် အရိပ်အယောင်များ မြင်တွေ့နေရကြောင်း၊ လွန်ခဲ့သော (၂)နှစ် ခန့်မှလည်း ကမ္ဘာ့ဒုတိယအဆင့် ကော်ဖီတင်ပို့သည့် ကိုလံဘီယာနိုင်ငံ၌ မိုးသည်းထန်မှုကြောင့် သီးနှံများပျက်စီးသွားသည့်အတွက် အာရေဗီးကားကော်ဖီ အစုရှယ်ယာများသည် ၈၀% ခန့် တဟုန်ထိုး မြင့်တက်သွားခဲ့ကြောင်း၊
- ✓ လွန်ခဲ့သော စိုက်ပျိုးရာသီ၌ ဘရာဇီးနိုင်ငံ၏ မိုးခေါင်ရေရှားမှုနှင့် အေးခဲမှုတို့သည် ကော်ဖီပင်၏ ပန်းပွင့်ချိန်ကို အဟန့်အတားဖြစ်စေသည့်အပြင် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လတွင် ပြင်းထန်သော နှင်းခဲမှုဒဏ်ကို ကြုံတွေ့ခဲ့ရပြီး ဓာတ်မြေဩဇာကဲ့သို့သော စိုက်ပျိုးရေးသွင်းအားစုများ ကုန်ကျစရိတ်များလွန်းသဖြင့် ဘရာဇီးတောင်သူများအနေနှင့် ကော်ဖီပင်များကို ခုတ်လှဲရန် တွန်းအားဖြစ်စေခဲ့ကြောင်း၊ ထိုအခြင်းအရာသည် ယခင်နှစ်၏ အထွက်နှုန်းကို သိသိသာသာ လျော့ကျစေခဲ့ရုံသာမကပဲ ၂၀၂၂ခုနှစ်အတွက် ဘရာဇီးနိုင်ငံ၏ အထွက်နှုန်း မြင့်မားစေရေး စီမံချက်ကိုပါ အဟန့်အတား ဖြစ်စေခဲ့ကြောင်း၊
- ✓ လွန်ခဲ့သော ၂ နှစ်ခန့်မှ အထွက်နှုန်းမြင့်မားခဲ့သည့် အခြေအနေနှင့် နှိုင်းယှဉ်ပါက ယခုရာသီတွင် သီးနှံအထွက်နှုန်း သိသိသာသာ ကျဆင်းမည်ဟု စိုက်ပျိုးသူများမှ ယုံကြည်နေကြကြောင်းကို Sao Paulo တက္ကသိုလ်မှ စိုက်ပျိုးရေးသုတေသီ Margarete Boteon မှ ဩဂုတ်လ ( ၂ ) ရက်နေ့ထုတ် အစီရင်ခံစာတစ်စောင်တွင် ပြောကြားခဲ့ကြောင်း၊
- ✓ အာရေဗီးကာဒေသအများစု၌ မျှော်မှန်းအထွက်နှုန်းထက် နည်းပါးသည့်အပြင် အသီးများအတွင်း၌ ကော်ဖီစေ့များမှာလည်း ပုံမှန်ထက်သေးငယ်နေကြောင်း၊ ကျန်ကော်ဖီပင်များ၏ အရွက်များသည် ဝေဝေဆာဆာနှင့် လှပနေပါသော်ငြား ကော်ဖီစေ့အဖြစ် စနစ်တကျအဆင့်ဆင့် ဆောင်ရွက်သည့်အခါ၌မူ အထွက်နှုန်းမှာ စိတ်ပျက်ဖွယ်ဖြစ်သွားနိုင်ကြောင်း၊ ဘရာဇီး နိုင်ငံ၏ အထွက်နှုန်းသည် မတ်လတွင် အိတ်ပေါင်း(၃၈)သန်း မျှော်မှန်းခဲ့ရာမှ ယခုအခါ (၃၂)သန်းအထိ ကျဆင်းသွားကြောင်း၊ အထွက်နှုန်း တိုးတက်မြင့်မားရေးစီမံချက်အရ မျှော်မှန်း ထားသည့် အိတ်ပေါင်း(၅၃)သန်းသို့ မပြည့်မီ

နိုင်တော့ကြောင်း၊ ကော်ဖီအဓိကစိုက်ပျိုးသည့် အခြားပြည်နယ်များတွင်လည်း အလားတူအခက်အခဲပြဿနာများ ကြုံတွေ့လျက်ရှိကြောင်း၊

- ✓ Sao Paulo ဒေသရှိ Magiana မှ အကြီးစားထုတ်လုပ်သူ Labareda Agropecuaria သည် ခူးဆွတ်ပြီးစီးမှု ရလဒ်ကြောင့်အံ့အားသင့်ခဲ့ရကြောင်း၊ယခုအချိန်တွင်မူ ကနဦးမျှော်မှန်းထားသည်ထက်ပင် ၂၀% အောက် လျော့နည်းနိုင်ကြောင်းကို ကုမ္ပဏီ၏ စီးပွားရေး ဒါရိုက်တာ Gabriel Lancha Alves de Oliveira ၏ အဆိုအရ သိရှိခဲ့ရကြောင်း၊ ခန့်မှန်းထားသည်ထက် ပိုမိုပျက်စီးမှုကြောင့် ၄၀% အောက်သာ ခူးဆွတ်နိုင်တော့မည့် အလားအလာရှိကြောင်း၊
- ✓ တစ်နိုင်ငံလုံးသာ ၎င်းအတိုင်းအတာအတိုင်း ဖြစ်နေမည်ဆိုပါက အာရေဗီးကားကော်ဖီသည် ပဏာမ မျှော်မှန်းထားသည့် အလားအလာအောက် ရောက်ရှိသွားနိုင်ကြောင်းကို Safras & Mercado မှ Gil Barabach က သုံးသပ်ခဲ့ကြောင်း၊
- ✓ Conab ဟု လူသိများသော ဘရာဇီးပြည်တွင်းဖြန့်ချီရေးကုမ္ပဏီသည် ယခုနှစ် အာရေဗီးကားအထွက်နှုန်းကို ဇန်နဝါရီလ၌ အိတ်ပေါင်း ၃၈.၈ မီလီယံ ထုတ်လုပ်ရန် စီစဉ်ခဲ့ရာမှ ယခုအခါ မေလတွင် အိတ်ပေါင်း ၃၅.၇ မီလီယံသာ ထုတ်လုပ်နိုင်တော့မည်ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ထုတ်လုပ်မှုနှုန်း ပြန်လည်ကောင်းမွန်လာစေနိုင်သည့် အနေအထားအား ခန့်မှန်းမိသော်လည်း အထွက်နှုန်းမြင့်မားခဲ့သော ၂၀၂၀ ခုနှစ်ထက် ၂၇% လျော့နည်းနေကြောင်း (၁၁.၈.၂၀၂၂)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော Boomberg.com ကွန်ယက်၏ သတင်းဆောင်းပါးအရသိရှိရပါသည်။

ဒေါ်နှင်းရီဝင်း၊ ဦးစီးအရာရှိ၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.bloomberg.com/news/articles/2022-08-09/world-s-top-coffee-crop-shrinks-in-a-world-thirsty-for-supply

## ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ပထမ (၁၅)ရက်အတွင်း ဆန်ဈေးနှုန်းများ

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ အိတ်-၃၀ပိဿာ-တစ်တင်းခွဲ) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | မန္တလေး | စစ်ကိုင်း | ရွှေဘို |
| မနောသုခ | ၄၀၀၀၀ | ၄၅၀၀၀ | ၄၅၀၀၀ | ၃၅၀၀၀ | ၃၆၀၀၀ |
| ဆင်းသုခ | ၄၀၀၀၀ | ၄၅၀၀၀ | ၄၅၀၀၀ | ၃၈၀၀၀ | ၃၆၀၀၀ |
| ရွှေမင်း | ၇၅၀၀၀ | ၄၅၀၀၀ | ၆၇၀၀၀ | ၄၈၀၀၀ | ၃၉၀၀၀ |
| ပေါ်ဆန်း | ၉၀၀၀၀ | ၇၀၀၀၀ | | ၆၂၀၀၀ | ၅၆၀၀၀ |

## ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ပထမ (၁၅)ရက်အတွင်း စားသုံးဆီဈေးနှုန်းများ

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ ပိဿာ) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | မန္တလေး | မကွေး | စစ်ကိုင်း |
| မြေပဲဆီ | ၁၄၅၀၀ | ၁၃၅၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ |
| နှမ်းဆီ | ၁၄၀၀၀ | ၁၁၅၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ |
| နေကြာဆီ | ၁၂၅၀၀ | ၁၁၅၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၈၅၀၀ |
| စားအုန်းဆီ | ၁၀၀၀၀ | ၈၅၀၀ | ၈၀၀၀ | ၁၃၀၀၀ | ၈၀၀၀ |

## ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ပထမ (၁၅)ရက်အတွင်း စိုက်ပျိုးရေးသွင်းအားစုဈေးနှုန်းများ

### ဓါတ်မြေဩဇာ

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ အိတ်-၅၀ကီလို) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | မန္တလေး | မကွေး | ရွှေဘို |
| ယူရီးယား | | | | | |
| - မြင်းပျံ | ၉၃၀၀၀ | ၉၇၅၀၀ | ၉၁၈၀၀ | ၉၆၅၀၀ | ၉၆၈၀၀ |
| - ရွှေတောင် | ၈၇၀၀၀ | ၉၅၀၀၀ | ၈၉၀၀၀ | - | ၉၅၀၀၀ |
| - ဩဘာ/ ကောမက် | ၉၀၀၀၀ | ၉၈၀၀၀ | ၈၈၀၀၀ | ၉၈၀၀၀ | ၉၇၀၀၀ |
| - ရွှေနဂါး | ၉၀၀၀၀ | ၉၇၀၀၀ | ၈၄၅၀၀ | ၇၀၀၀၀ | ၉၉၀၀၀ |
| - ဝိစာရ | ၉၀၀၀၀ | ၉၀၀၀၀ | ၈၃၀၀၀ | - | ၉၇၀၀၀ |
| တီစူပါ | | | | | |
| - သံကွင်း | - | ၉၈၀၀၀ | ၈၆၀၀၀ | ၉၂၀၀၀ | ၈၇၀၀၀ |
| - အာမို | ၉၀၀၀၀ | ၉၈၀၀၀ | ၈၂၅၀၀ | ၉၅၀၀၀ | ၉၀၀၀၀ |
| - ဩဘာ/ ကောမက် | ၈၇၀၀၀ | ၉၈၀၀၀ | ၈၅၀၀၀ | - | - |
| - ဝိစာရ | ၉၀၀၀၀ | ၉၃၀၀၀ | ၁၀၀၅၀၀ | - | - |
| ပိုတက်ရှ် | | | | | |
| - မာကိုတာ | - | ၈၇၅၀၀ | ၈၀၅၀၀ | ၇၃၅၀၀ | ၈၀၀၀၀ |
| - ဝိစာရ | - | ၈၅၀၀၀ | ၈၀၀၀၀ | - | - |
| - အာမို | ၈၅၀၀၀ | ၉၁၀၀၀ | ၉၃၀၀၀ | ၉၅၀၀၀ | ၈၂၀၀၀ |
| - ဩဘာ | - | ၉၁၀၀၀ | ၉၅၀၀၀ | - | - |
| ကွန်ပေါင်း | | | | | |
| - ဩဘာ/ ကောမက် | ၉၀၀၀၀ | ၉၈၉၀၀ | ၈၅၆၀၀ | ၉၈၀၀၀ | ၈၇၅၀၀ |
| - အာမို | ၁၁၆၀၀၀ | ၉၉၀၀၀ | ၉၄၇၀၀ | ၉၅၀၀၀ | ၈၇၅၀၀ |
| - ဝိစာရ | ၉၅၀၀၀ | ၉၃၀၀၀ | ၈၀၀၀၀ | - | ၈၆၀၀၀ |
| - ရွှေနဂါး | ၉၅၀၀၀ | ၉၅၀၀၀ | ၈၅၀၀၀ | - | ၈၆၅၀၀ |
| - သံကွင်း | ၁၀၄၀၀၀ | ၉၅၀၀၀ | ၈၅၀၀၀ | - | ၈၀၀၀၀ |

### စပါးမျိုးစေ့

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ တင်း-၄၆ပေါင်) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | မန္တလေး | မကွေး | စစ်ကိုင်း | ရွှေဘို |
| မနောသုခ | ၁၅၀၀၀ | ၁၄၂၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၃၀၀၀ |
| ဆင်းသုခ | ၁၅၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၁၃၅၀၀ | ၁၃၀၀၀ |
| ရွှေမင်း | ၁၆၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ |
| ပေါ်ဆန်း | ၁၈၀၀၀ | - | - | ၁၆၀၀၀ | ၁၅၀၀၀ |

## မြန်မာ့ပဲမျိုးစုံတင်ပို့မှုအခြေအနေ ၂၀၂၂ ခုနှစ် ဩဂုတ်လ ပထမပတ်နှင့် ဒုတိယပတ်အတွင်း တင်ပို့မှုနှိုင်းယှဉ်ချက်

| ပဲမျိုးစုံ | ရေတွက်ပုံ | ဩဂုတ်လ ပထမပတ် | ဩဂုတ်လ ဒုတိယပတ် | တင်ပို့မှု အတိုး/ အလျော့ |
|---|---|---|---|---|
| မတ်ပဲ | US$ | ၇.၅၆၄ | ၈.၆၃ | (+)၁.၀၆၆ |
| | ကီလို | ၈၀၃၈.၂၄၉ | ၉၁၃၇.၀၆ | (+)၁၀၉၈.၈၁၁ |
| ပဲတီစိမ်း | US$ | ၃.၉၆၈ | ၆.၅၉ | (+)၂.၆၂၂ |
| | ကီလို | ၄၆၇၂.၉၉၈ | ၈၀၆၈.၈၆ | (+)၃၃၉၅.၈၆၂ |
| ပဲတီစိမ်းလုံးခြမ်း | US$ | ၀ | ၀ | ၀ |
| | ကီလို | ၀ | ၀ | ၀ |
| ပဲစဉ်းငုံ | US$ | ၂.၇၁၂ | ၃.၅၄ | (+)၀.၈၂၈ |
| | ကီလို | ၃၅၂၇.၉၉ | ၄၆၅၄.၀၁ | (+)၁၁၂၆.၀၂ |
| ကုလားပဲ | US$ | ၀.၀၄၈ | ၀.၁၄ | (+)၀.၀၉၂ |
| | ကီလို | ၆၁.၂၅ | ၁၉၆.၉၉ | (+)၁၃၅.၇၄ |
| ပဲလွန်းဖြူ | US$ | ၀.၂၄၇ | ၀.၉၁ | (+)၀.၆၆၃ |
| | ကီလို | ၂၇၉.၇၅၅ | ၁၁၀၆ | (+)၈၂၆.၂၄၅ |
| မြေထောက်ပဲ | US$ | ၀.၂၃၇ | ၀.၆၅ | (+)၀.၄၁၃ |
| | ကီလို | ၂၁၂.၂၅ | ၆၂၉.၃၃ | (+)၄၁၇.၀၈ |
| ထောပတ်ပဲ | US$ | ၀.၃၆၅ | ၀.၁၃ | (-)၀.၂၃၅ |
| | ကီလို | ၄၀၅.၁ | ၁၄၁ | (-)၂၆၄.၁ |
| ပဲယင်း | US$ | ၀.၀၉၇ | ၀.၂၈ | (+)၀.၁၈၃ |
| | ကီလို | ၁၁၃ | ၃၄၄.၆ | (+)၂၃၁.၆ |
| ပဲကြီး | US$ | ၀.၀၂၉ | ၀ | (-)၀.၀၂၉ |
| | ကီလို | ၂၉.၄၉ | ၀ | (-)၂၉.၄၉ |
| ပဲကတ္တီပါ (စွန်တာနီ) | US$ | ၀ | ၀ | ၀ |
| | ကီလို | ၀ | ၀ | ၀ |
| ပဲကတ္တီပါ (စွန်တာပြာ) | US$ | ၀.၀၅၄ | ၀ | (-)၀.၀၅၄ |
| | ကီလို | ၈၄ | ၀ | (-)၈၄ |
| ပဲဖြူကလေး | US$ | ၀ | ၀ | ၀ |
| | ကီလို | ၀ | ၀ | ၀ |
| ဘိုကိတ်ပဲ | US$ | ၀.၂၂၅ | ၀.၄၁ | (+)၀.၁၈၅ |
| | ကီလို | ၂၈၉ | ၅၁၀.၀၆ | (+)၂၂၁.၀၆ |
| ပဲပုပ် | US$ | ၀ | ၀ | ၀ |
| | ကီလို | ၀ | ၀ | ၀ |
| ပဲနီကြား | US$ | ၀ | ၀ | ၀ |
| | ကီလို | ၀ | ၀ | ၀ |
| နိုင်လွန်ပဲ | US$ | ၀ | ၀ | ၀ |
| | ကီလို | ၀ | ၀ | ၀ |
| မြေပဲ (အခွံပါ) | US$ | ၀ | ၀ | ၀ |
| | ကီလို | ၀ | ၀ | ၀ |
| မြေပဲဆံ | US$ | ၀ | ၀ | ၀ |
| | ကီလို | ၀ | ၀ | ၀ |
| အခြားပဲ | US$ | ၀ | ၀.၀၂ | (+)၀.၀၂ |
| | ကီလို | ၀ | ၂၄.၉ | (+)၂၄.၉ |
| စုစုပေါင်း | US$ | ၁၅.၅၄၆ | ၂၁.၃ | (+)၅.၇၅၄ |
| | ကီလို | ၁၇၇၁၃.၀၈၂ | ၂၄၈၁၂.၈၁ | (+)၇၀၉၉.၇၂၈ |

Source: ကုန်သွယ်ရေးဦးစီးဌာန၊ MOC မှ ကိန်းဂဏန်းများ အသုံးပြု၍ Trade Section, DoA မှ တွက်ချက်ဖော်ပြထားခြင်းဖြစ်ပါသည်။

**စိုက်ပျိုးရေးဈေးကွက်သတင်းလွှာ**
(Agriculture Market Bulletin)
Market Information System (MIS)
ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ နေပြည်တော်

မှာယူမည်ဆိုပါက အမည်၊ လုပ်ငန်း/အဖွဲ့အစည်း၊ ဆက်သွယ်ရန် လိပ်စာတို့နှင့် အတူ ဈေးကွက်သတင်းအချက်အလက်စနစ် ဌာနစိတ်၊ စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်သို့ ဆက်သွယ်မှာယူနိုင်ပါသည်။
ဖုန်း-၀၆၇ ၃၄၁၀၅၃၈,Email:doamisppme@gmail.com